Australian Government

COVID-19 VACCINATION

# ကျွန်ုပ်၏ အိမ်တွင်း သို့မဟုတ် ရပ်ရွာအသိုက်အဝန်းသက်ကြီးရွယ်အို စောင့်ရှောက်ရေး ဝန်ဆောင်မှုအလုပ်ရှင်က ကျွန်ုပ်အား COVID-19 ကာကွယ်ဆေးထိုးနှံထားခြင်းရှိမရှိ အဘယ့်ကြောင့်မေးပါသနည်း။

2021 ခုနှစ် ဇွန်လ 4 ရက် လက်ရှိသတင်းအချက်အလက်များ

ကာကွယ်ဆေးထိုးနှံခြင်းသည် COVID-19 ကိုကာကွယ်ရာမှာ အထိရောက်ဆုံး ကာကွယ်မှုဖြစ်သည်။ ရပ်ရွာအသိုက်အဝန်းအတွင်းရှိ ဩစတြေးလျနိုင်ငံသား ဘိုးဘွားများနှင့် ၎င်းတို့အား ပြုစုစောင့်ရှောက်သူများကို ကာကွယ်ပေးခြင်းသည် ဦးစားပေးအလုပ်ဖြစ်သည်။

ထို့ကြောင့် အစိုးရများနှင့် သက်ကြီးရွယ်အို စောင့်ရှောက်ရေး ထောက်ပံ့ပေးသူများအနေဖြင့် သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်သား မည်မျှ COVID-19 ကာကွယ်ဆေးထိုးနှံထားသည်ကို သိရှိရန်အရေးကြီးပါသည်။ ဤသတင်းအချက်အလက်သည် COVID-19 ရောဂါ အစုလိုက်အပြုံလိုက် ဖြစ်ပွားမှုတစ်ခုအတွက် ကြိုတင်ပြင်ဆင် စီစဉ်သည့် အစိတ်အပိုင်းတစ်ရပ်အဖြစ် ဩစတြေးလျ နိုင်ငံသားဘိုးဘွားများနှင့် ၎င်းတို့ကို စောင့်ရှောက်နေသော လုပ်သားများအတွက် အန္တရာယ်များကို နားလည်စေရန် ကူညီပေးသည်။

သင့်ရပ်ရွာအသိုက်အဝန်းအတွင်း COVID-19 ရောဂါ အစုလိုက်အပြုံလိုက်ဖြစ်ပွားမှု တစ်ခုဖြစ်ခဲ့ပါက ကာကွယ်ဆေးမထိုးနှံထားသူများအတွက် ကာကွယ်ရေး အစီအမံများ အသင့်ထားရှိနိုင်ရန် လုပ်သားမည်မျှကို ကာကွယ်ဆေးထိုးထားကြောင်း သိရှိရန် အရေးကြီးပါလိမ့်မည်။

ဩစတြေးလျနိုင်ငံကာကွယ်ဆေးထိုးမှတ်တမ်းက လူတိုင်း၏ ကာကွယ်ဆေးထိုးမှတ်တမ်းကို မှတ်တမ်းတင်ထားပါသည်။ သို့သော် ၎င်းတွင် သင်လုပ်နေသည့်အလုပ် သို့မဟုတ် သင့်အလုပ်ရှင်နှင့်ပတ်သက်သည့် သတင်းအချက်အလက်များ မပါဝင်ပါ။

ဩစတြေးလျအစိုးရမှ ဤရည်ရွယ်ချက်အတွက် အိမ်တွင်းနှင့် ရပ်ရွာအသိုက်အဝန်းအတွင်း သက်ကြီးရွယ်အို စောင့်ရှောက်ရေး ဝန်ဆောင်မှုများနှင့် သက်ကြီးရွယ်အိုစောင့်ရှောက်ရေး ဝန်ဆောင်မှုဂေဟာများမှ အတည်ပြုထားသော ထောက်ပံ့သူများအတွက် သတင်းပေးပို့မှု နည်းလမ်းသစ်တစ်ခုကို မိတ်ဆက်ထားပါသည်။ ထောက်ပံ့ပေးသူများ ၎င်းကို မိမိဆန္ဒအလျောက်အသုံးပြုရန် My Aged Care မှတစ်ဆင့် ယခု ရရှိနေပြီဖြစ်သည်။

ကနဦးတွင် သတင်းပို့ခြင်းသည် မိမိဆန္ဒအလျောက်သာဖြစ် သော်လည်း အတည်ပြုထားသော ထောက်ပံ့ပေးသူများအား ဤသည်တို့နှင့်ပတ်သက်ပြီး ယခုမှစ၍ အပတ်စဉ် စတင်သတင်းပေးပို့ရန် လေးလေးနက်နက် တိုက်တွန်းပါသည် -

- သက်ကြီးရွယ်အို စောင့်ရှောက်ရေး ဂေဟာဝန်ဆောင်မှုတစ်ခုစီရှိ လုပ်သားဦးရေ စုစုပေါင်း
- ဝန်ဆောင်မှုတစ်ခုစီရှိ COVID-19 ကာကွယ်ဆေး တစ်ကြိမ်ထိုးနှံထားသည့် လုပ်သားဦးရေ စုစုပေါင်း
- ဝန်ဆောင်မှုတစ်ခုစီရှိ လိုအပ်သည့် COVID-19 ကာကွယ်ဆေး ကြိမ်အားလုံး ထိုးနှံထားသော လုပ်သားဦးရေ စုစုပေါင်း။

သတင်းပေးပို့ခြင်းသည် လာမည့်ရက်သတ္တမျာအတွင်း အိမ်တွင်းနှင့် ရပ်ရွာအသိုက်အဝန်းအတွင်း သက်ကြီးရွယ်အို စောင့်ရှောက်ရေး ထောက်ပံ့ပေးသူများအတွက် တရားဝင်လိုအပ်ချက်တစ်ခု ဖြစ်လာမည်ဖြစ်သည်။ ဤအချိန်အတောအတွင်း အဆိုပါထောက်ပံ့ပေးသူများအား ၎င်းတို့၏ လက်ရှိဖြစ်ပေါ်နေသော COVID-19 ကြိုတင်ပြင်ဆင်မှုနှင့် စီစဉ်မှု၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ၎င်းတို့ လုပ်သားများ၏ ကာကွယ်ဆေးထိုးနှံခြင်း အခြေအနေကို မိမိတို့ဆန္ဒအလျောက် သတင်းပေးပို့ရန် လေးလေးနက်နက် တိုက်တွန်းပါသည်။

သတင်းပေးပို့ခြင်းသည် 2021 ခုနှစ် ဇွန်လ 15 ရက်မှစ၍ အတည်ပြုထားသော သက်ကြီးရွယ်အို စောင့်ရှောက်ရေးဂေဟာ ဝန်ဆောင်မှု ထောက်ပံ့ပေးသူများအတွက် တရားဝင်လိုအပ်ချက်တစ်ခု ဖြစ်လာမည်ဖြစ်သည်။

## ယင်းသည် ကျွန်ုပ်အပေါ် မည်သို့အကျိုးသက်ရောက်မည်နည်း။

သင်၏လုပ်ငန်းခွင်သည် ၎င်းတို့အနေဖြင့် ဝန်ဆောင်မှုအတွင်း COVID-19 ကာကွယ်ဆေးတစ်ကြိမ် ထိုးနှံထားသော သို့မဟုတ် လိုအပ်သော COVID-19 ကာကွယ်ဆေးကြိမ်အားလုံး ထိုးနှံထားသော လုပ်သားဦးရေ စုစုပေါင်းနှင့်ပတ်သက်၍ သတင်းအချက်အလက်များ မည်သို့စုဆောင်းပြီး သတင်းပေးပို့မည်ကို သင်နှင့် ဆွေးနွေးပါလိမ့်မည်။

COVID-19 ကာကွယ်ဆေးထိုးခြင်းမှာ မိမိဆန္ဒအလျောက်သာ ဖြစ်ကြောင်း သိရှိထားရန် အရေးကြီးပါသည်။ ကာကွယ်ဆေးထိုးနှံမည် သို့မဟုတ် မထိုးနှံမည်နှင့်ပတ်သက်၍ ဆုံးဖြတ်ရန်မှာ သင်၏ရွေးချယ်မှုသာဖြစ်သည်။ သင်သည် COVID-19 ကာကွယ်ဆေးထိုးနှံထားသည် သို့မဟုတ် မထိုးနှံထားပါဟု အလုပ်ရှင်အား အသိပေးရန်မှာ သင့်ရွေးချယ်မှုသာဖြစ်သည်။ ဤအချက်အလက်များစုဆောင်းရသည့် အကြောင်းရင်းမှာ သင်ပြုစုစောင့်ရှောက်နေသူများကို ကာကွယ်ပေးရန်ဖြစ်ကြောင်း နားလည်ထားရန်လည်း အရေးကြီးပါသည်။

## ကျွန်ုပ်၏လုပ်ငန်းခွင်မှ မည်သည့်အချက်အလက်များကို စုဆောင်းပြီး သတင်းပေးပို့နိုင်သနည်း။

သင့်လုပ်ငန်းခွင်က ကျန်းမာရေးဌာနသို့ အောက်ပါအချက်အလက်များ ပေးနိုင်ပါသည် –

- သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဝန်ဆောင်မှုတစ်ခုစီရှိ လုပ်သားဦးရေ စုစုပေါင်း
- ဝန်ဆောင်မှုတစ်ခုစီရှိ COVID-19 ကာကွယ်ဆေး တစ်ကြိမ်ထိုးနှံထားသော လုပ်သားဦးရေ စုစုပေါင်း
- ဝန်ဆောင်မှုတစ်ခုစီရှိ လိုအပ်သည့် COVID-19 ကာကွယ်ဆေး ကြိမ်အားလုံး ထိုးနှံထားသော လုပ်သားဦးရေ စုစုပေါင်း။

သင့်လုပ်ငန်းခွင်မှပေးမည့် သတင်းအချက်အလက်များက မည်သူ့ကိုမျှ ခွဲခြားဖော်ပြမည်မဟုတ်ပါ။ သတင်းပေးပို့ခြင်းတွင် အိမ်တွင်း သို့မဟုတ် ရပ်ရွာအသိုက်အဝန်းအတွင်း သက်ကြီးရွယ်အို စောင့်ရှောက်ရေး ဝန်ဆောင်မှုများ ပေးနေသော စေတနာ့ဝန်ထမ်းများအပါအဝင် လုပ်သားအားလုံး ပါဝင်ပါမည်။

## ကျွန်ုပ် COVID-19 ကာကွယ်ဆေးထိုးနှံထားပါက အလုပ်ရှင်ကို မဖြစ်မနေအသိပေးရန် လိုပါသလား။

မလိုပါ။ ၎င်းမှာ သင်၏ရွေးချယ်မှုဖြစ်ပါသည်၊ သို့သော် သင့်ဝန်ဆောင်မှုအတွင်း COVID-19 ကြိုတင်ပြင်ဆင်မှုနှင့် စီစဉ်မှု၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် သင့်အလုပ်ရှင်အား ဤသတင်းအချက်အလက်များကို ဝေမျှရန် တိုက်တွန်းပါသည်။ သင့်အလုပ်ရှင်က ဤသည်တို့နှင့်ပတ်သက်၍ သင်နှင့် လေးစားမှုရှိရှိ ဆွေးနွေးမှုတစ်ခု ပြုလုပ်ရန် မျှော်လင့်ထားနိုင်ပါသည် -

- လုပ်သားများအကြား COVID-19 ကာကွယ်ဆေးထိုးနှံမှုနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို အဘယ့်ကြောင့် ၎င်းတို့ ရယူရသည်ကို ရှင်းပြရန်
- COVID-19 ကာကွယ်ဆေးထိုးနှံခြင်းမှာ သင့်ရွေးချယ်မှုသာဖြစ် ကြောင်း သေချာနားလည်စေရန်
- သင်၏အတွင်းရေးကို ကာကွယ်ပေးသွားမည်ဖြစ်ကြောင်း သေချာနားလည်စေရန်
- ဤသတင်းအချက်အလက်များ တောင်းခံမှုကို ငြင်းပယ်နိုင်သည့် သင့်အခွင့်အရေးကို သေချာနားလည်သိရှိစေရန်။

## ဤအချက်အလက်များကို အလုပ်ရှင်အား မျှဝေလိုပါက ကျွန်ုပ်၏ COVID-19 ကာကွယ်ဆေးထိုးနှံမှု အထောက်အထားတစ်ခုခု ပြရန်လိုအပ်ပါသလား။

မလိုပါ။ ၎င်းမှာ သင်၏ရွေးချယ်မှုသာဖြစ်သည်။ သင့်အနေဖြင့် ဤအချက်အလက်များကို ၎င်းတို့အား မျှဝေလိုပါက သင်၏ COVID-19 ကာကွယ်ဆေးထိုးနှံမှုကို ၎င်းတို့ မည်သို့မှတ်တမ်းတင်မည်ကို သင့်အလုပ်ရှင်က သင်နှင့် ဆွေးနွေးပါမည်။ မျှဝေပေးလိုသည့် လုပ်သားများအတွက် သင့်အလုပ်ရှင်အား အောက်ပါတို့ကို ပေးနိုင်ပါသည် –

- ကာကွယ်ဆေးထောက်ပံ့ပေးသူတစ်ဦးထံမှ ကာကွယ်ဆေးထိုး ထောက်ခံချက် သို့မဟုတ် အခြားအထောက်အထား သို့မဟုတ်

- Medicare အွန်လိုင်းမှ သို့မဟုတ် Express Plus Medicare မိုဘိုင်းအပ်ပလီကေးရှင်းမှ သင် ရရှိနိုင်သည့် ကာကွယ်ဆေးထိုး မှတ်တမ်းဖော်ပြချက်တစ်ခု။

အခြားနည်းအားဖြင့် အောက်ပါတို့ကိုပေးရန် စဉ်းစားနိုင်ပါသည် –
- လက်မှတ်ရေးထိုးထားသည့် ကြေညာချက်တစ်ခု သို့မဟုတ် ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်သူတစ်ဦးထံမှ မှတ်တမ်းတစ်ခု။

**ကျွန်ုပ် COVID-19 ကာကွယ်ဆေးထိုးနှံခြင်းနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်ချမှတ်နိုင်ရန် မည်သည့်နေရာမှ သတင်းအချက်အလက်များ ရရှိနိုင်သနည်း။**

သင်၏ ဝန်ဆောင်မှုလုပ်ငန်းသည် COVID-19 ကာကွယ်ဆေး ထိုးနှံခြင်းနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်တစ်ခုချမှတ်ရန်နှင့် ကာကွယ်ဆေးထိုးနှံနိုင်သည့် နေရာများကို လုပ်သားများအား အသိပေးရန်အတွက် **လုပ်သားများကို ပံ့ပိုးပေးမည့် သတင်းအချက်အလက်များနှင့် အထောက်အကူပြုပစ္စည်း**အမျိုးမျိုး လက်ခံရရှိထားပြီးဖြစ်သည်။ ယင်းတွင် **ဘာသာစကား 19 မျိုး** သို့ ဘာသာပြန်ဆိုထားသော သတင်းအချက်အလက်များ ပါဝင်ပါသည်။ သင့်အနေဖြင့် ဤအချက်အလက်များကို **health.gov.au** ဝက်ဘ်ဆိုက်မှလည်း ရရှိနိုင်ပါသည်။

COVID-19 ကာကွယ်ဆေးများ၊ ကာကွယ်ဆေးထိုးနှံခြင်းသည် အဘယ့်ကြောင့်အရေးကြီးပုံနှင့် ကာကွယ်ဆေး မည်သို့ထိုးနှံနိုင်ပုံတို့နှင့်ပတ်သက်၍ ယုံကြည်စိတ်ချရသော အချက်အလက်များရရှိရန် အရေးကြီးသည်။

**နောက်ထပ်အချက်အလက်များအတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပါ**
**အီးမေးလ် - AgedCareCOVIDLiaison@health.gov.au သို့မဟုတ် အကြံဉာဏ်နှင့် ပံ့ပိုးမှုရရှိရန် သင့်အဖွဲ့အစည်းထံ ဆက်သွယ်ပါ။**